The WARNATH GROUP

# စကားပြန်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် သိရှိလိုက်နာရမည့် လမ်းညွှန်ချက်


**Jenny Stanger**

Warnath Group Expert

National Director of the Freedom Partnership to End Modern Slavery,

The Salvation Army, Australia


စကားပြန်များ၏ ဘာသာပြန်ဆိုမှုအရည်အသွေးသည် အဆွေတော်တို့၏ စုံစမ်းစစ်ဆေးမှု နှင့် တရားစွဲဆိုမှုတို့ အတွက် အရေးကြီးလှပါသည်။ အကယ်၍ ဘာသာပြန်ဆိုမှုကြောင့် စကားလုံးများ သို့မဟုတ် အယူအဆများ လွဲမှားသွားခဲ့သည်ရှိသော် သိသာထင်ရှားသော အကျိုးသက်ရောက်မှုတစ်ခု ဖြစ်ပေါ်လာနိုင်ပါသည်။

## လူကုန်ကူးခံရသူကြားသမျှ အရာအားလုံးတို့အား ဘာသာပြန်ပေးရမည်။

### လူကုန်ကူးခံရသူ-သက်သေ နှင့် ကျား/မသဘာဝတူညီသည့် စကားပြန်ကို တောင်းဆိုပါ။

အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ စော်ကားခံရသည့်အမှုများတွင် လူကုန်ကူးခံရသူ-သက်သေ၏ ဦးစားပေးရွေးချယ်မှုကို မေးမြန်းပါ။

### စကားပြန်ကို ကြိုတင်ပြောပြထားပါ။

စကားပြန်များအား အောက်ပါတို့ကို ကြိုတင်ပြောပြထားပါ -

- တွေ့ဆုံဆွေးနွေးမေးမြန်းရသည့် ရည်ရွယ်ချက်နှင့် ကြာမြင့်မှု၊
- မည်သူတို့တက်ရောက်ကြမည်
- အရာအားလုံးတို့အား ဘာသာပြန်ပေးနိုင်ရေး မျှော်မှန်းထားစေခြင်း၊

စကားပြန်အနေဖြင့် အဆိုပါရည်ရွယ်ချက်ကို ကြားသိပြီးနောက် သို့မဟုတ် ၎င်းတို့၏ အကျိုးစီးပွားကို ထိခိုက်မှု ရှိနိုင်သည်ဟု သိရှိပြီးနောက် ဘာသာပြန်ဆိုသည့်ဝန်ဆောင်မှု မလုပ်နိုင်ခြင်းမျိုးလည်း ဖြစ်လာနိုင်သည်။ ဘာသာပြန်ဆိုပေးမှုသည် အဆိုပါစကားပြန်အတွက်

ကိုယ်ခန္ဓာပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ပင်ပန်းမှုဖြစ်စေနိုင်သည်ကိုလည်း သတိပြုရမည်။

**မေးမြန်းခြင်း-ဖြေဆိုခြင်း စသည်ဖြင့် တစ်လှည့်စီဘာသာပြန်ဆိုခြင်းကို အသုံးပြုပါ။**

မေးမြန်းခြင်း-ဖြေဆိုခြင်း စသည်ဖြင့် တစ်လှည့်စီဘာသာပြန်ဆိုခြင်းဖြင့် မေးခွန်းမေးမြန်းနိုင်သည့်အပြင် စကားပြန်အနေဖြင့် မေးခွန်းအား ထပ်ဆင့်ထပ်ဆင့်မေးမြန်းပေးနိုင်ပြီး လူကုန်ကူးခံရသူ-သက်သေမှ ပြန်လည်ဖြေကြားခြင်းတို့အားလုံးကိုလည်း တစ်လှည့်စီဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မေးမြန်းသူအတွက် နောက်ထပ်မေးခွန်းမေးမြန်းနိုင်ရန် အချိန်ပိုမိုရရှိနိုင်ပါသည်။

စကားပြန်အနေဖြင့် တွေ့ဆုံမေးမြန်းမှုမှန်သမျှကို ပြန်လည်သတိရစေရန် ရေးမှတ်ခွင့်ပြုပါ။ (တွေ့ဆုံမေးမြန်းမှုပြီးသည့်အခါ အဆိုပါရေးမှတ်သားထားသမျှကို ဖျက်ဆီးပစ်ပါ။)

**လျှို့ဝှက်ထားပေးပါ။**

ပညာရှင်ပီသသည့် စကားပြန်တစ်ဦးသည် ကြားသမျှသတင်းအချက်အလက်များအား လျှို့ဝှက်ထားရှိရမည်ဆိုသည့်အချက်ပါဝင်သော ကျင့်ဝတ်တစ်ခုဖြင့် ကန့်သတ်ခံမည် ဖြစ်သည်။ လူကုန်ကူးခံရသူအနေဖြင့် စကားပြန်နှင့် သူ/သူမတို့၏ အသိုက်အဝန်းအကြားဆက်နွယ်မှုများအပေါ် တရားဝင် စိုးရိမ်ပူပန်မှုများ ရှိလာမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ လူကုန်ကူးခံရသူအနေဖြင့် စကားပြန်များ သိရှိလက်မှတ်ရေးထိုးထားသည့် လျှို့ဝှက်ထားရှိမှုဆိုင်ရာ သဘောတူညီချက်မှန်သမျှကို တွေ့မြင်နိုင်ခွင့်ရှိရမည်ဖြစ်ပြီး ပြဿနာတစ်စုံတစ်ရာရှိပါကလည်း အခြားစကားပြန်တစ်ဦးကို ပြောင်းလဲတောင်းဆိုနိုင်မှုကို သိရှိထားရပါမည်။

သင့်အနေဖြင့် ဆက်သွယ်ဆက်ဆံရေးကူညီထောက်ပံ့ပေးမည့် စကားပြန်၏အခန်းကဏ္ဍာ လူကုန်ကူးခံရသူအား အကြံပေးသင့်ပါသည်။ သို့ရာတွင် စကားပြန်ထံသို့ ဆက်သွယ်နိုင်သည့် လိပ်စာများတောင်းခံခြင်း၊ အထောက်အပံ့ တောင်းခံခြင်း သို့မဟုတ် စကားပြန်များ၏ အခန်းကဏ္ဍတွ မပါဝင်သည့် အဆက်အသွယ်/ဆက်ဆံရေး တစ်ခုရရှိရန် ကြိုးပမ်းခြင်းတို့သည် မသင့်လျော်ပေ။

**စကားပြန်အား ယဉ်ကျေးမှုဆိုင်ရာကိစ္စများ ရှင်းပြစေလိုခြင်းရှိ၊ မရှိ ဆုံးဖြတ်ပါ။**

စကားပြန်အနေဖြင့် "ယဉ်ကျေးမှုဆိုင်ရာ ကြားဝင်ဆောင်ရွက်ပေးသူ-ပွဲစား" တစ်ဦးဖြစ်နိုင်ပြီး လူကုန်ကူးခံရသူ-သက်သေတစ်ဦး၏ တုန့်ပြန်မှုကို သင်နားလည်မှုရှိစေနိုင်ရေး အကူအညီပေးနိုင်မည့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စတို့ကို ရှင်းပြပေးလာနိုင်သည်။

ဥပမာအားဖြင့် စကားပြန်တစ်ဦးသည် လူကုန်ကူးခံရသူ-နစ်နာသူ အသုံးပြုသည့် ချစ်လိုဖွယ် စကားတစ်ရပ်ကို ရှင်းပြပေးနိုင်ပါမည်။ သို့မဟုတ် စကားပြန်သည် လူကုန်ကူးခံရသူ-နစ်နာသူ ၏ယဥ်ကျေးမှုအရလေးစားမှုကိုပြသသောအားဖြင့် မျက်လုံးချင်းဆုံတွေ့မှုမရှိစေရန် ရှောင်ကြဥ် စေခြင်း(ယင်းသည်အခြားယဥ်ကျေးမှုတစ်ရပ်တွင် လိမ်လည်မှုတစ်ရပ်ဖြစ်သည်) စသည်တို့ကို ရှင်းပြနိုင်မည်ဖြစ်သည်။ အကယ်၍ သင့်အနေဖြင့် စကားပြန်အား ယဥ်ကျေးမှုဆိုင်ရာကိစ္စများ ရှင်းပြခွင့်ပြုမည်ဆိုပါက ယင်းအချက်အား တွေ့ဆုံမေးမြန်ခြင်း၏အစတွင် ရှင်းလင်းစေရမည်။ တွေ့ဆုံမေးမြန်းခြင်းအား ရပ်တန့်ရာတွင် တွေ့ဆုံမေးမြန်းသူများသာမက လူကုန်ကူးခံရသူ - သက်သေတို့ကိုပါ ရှင်းပြရန် စကားပြန်အား ပြောရမည်။

**စည်းမျဥ်းစည်းကမ်းများသတ်မှတ်ပါ။**

မည်သူတစ်ဦးတစ်ယောက်မျှ စကားပြန်နှင့် ယခင်ကလုပ်ငန်းဆောင်ရွက်ခဲ့ဖူးမည် မဟုတ်ပါ။ ပညာရှင်ပီသသည့်စကားပြန်တစ်ဦးအား ငှားရမ်းခဲ့ပါက အခန်းထဲတွင်ရောက်ရှိနေသူအားလုံး ကို မည်ကဲ့သို့ စကားပြန်ခြင်းဆောင်ရွက်မည်ဆိုသည့်အချက်အား ရှင်းပြခြင်းဖြင့် အကူအညီ အထောက်အပံ့ဖြစ်စေနိုင်ပါသည်

အကယ်၍ ပညာရှင်ပီသသည့်စကားပြန်တစ်ဦးအား ငှားရမ်းနိုင်ခြင်းမရှိပါက စည်းမျဥ်း စည်းကမ်းများ၊ မျှော်မှန်းထားချက်များနှင့် ကန့်သတ်နယ်နိမိတ်များ စသည်တို့အား ရှင်းရှင်းလင်းလင်းသတ်မှတ်ခြင်းသည် လွန်စွာအရေးကြီးလှပါသည်။

**ဆက်သွယ်ဆက်ဆံမှုတစ်ခုကို ထူထောင်ခြင်းသည် သင့်အတွက် အခွင့်အရေးဖြစ်သဖြင့် လူကုန်ကူးခံရသူ-နစ်နာသူကို ကြည့်ပါ။**

သင်သည် လူကုန်ကူးခံရသူ-နစ်နာသူနှင့် စကားပြောနေသည်ကို မမေ့ပါနှင့်၊ သင်နှင့် လူကုန်ကူးခံရသူ-နစ်နာသူတို့အကြား တိုက်ရိုက်မျက်မြင်ဆက်သွယ်မှု၊ စကားပြောဆိုဆက်ဆံမှု တို့သည် ယုံကြည်မှုတည်ဆောက်နိုင်ရန် အကူအညီပေးပါလိမ့်မည်။ ၎င်းတို့အား ကြည့်ရှုခြင်း အားဖြင့် လူကုန်ကူးခံရသူ-သက်သေအပေါ် စာနာခြင်း၊ စိတ်ပူခြင်းနှင့် ထောက်ပံ့ပေးခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ရေးအတွက် အကူအညီဖြစ်လာပါလိမ့်မည်။ နောင်တွင် ပြုလုပ် မည့် တွေ့ဆုံမေးမြန်းမှုများအတွက် ယခင်စကားပြန် မရရှိနိုင်ပါက သင်နှင့် လူကုန်ကူးခံရသူ - သက်သေ တို့အကြား ယုံကြည်မှုရှိစေရန်နှင့် သက်တောင့်သက်သာရှိစေရန်တို့မှာ အရေးကြီး ပါသည်။

**စကားပြန်ကို ပြောနေခြင်းမျိုးမဟုတ်ဘဲ လူကုန်ကူးခံရသူ-သက်သေအား ပထမလူအဖြစ် တိုက်ရိုက်စကားပြောပါ။**

"တွေ့ဆုံခွင့်ရရှိမှုအတွက် ဝမ်းသာပါကြောင်း သူမကို ကျေးဇူးပြု၍ ပြောပြပေးပါ"ဟု စကားပြန်အား ပြောရာတွင် မည်သည်ကမှားယွင်းနေပါသလဲ။ စကားပြန်အနေဖြင့် ဘာသာပြန်ဆိုရန် ရောက်ရှိနေခြင်းဖြစ်ရာ "သူမကို ကျေးဇူးပြု၍ ပြောပြပေးပါ" ဆိုသည့်စကားရပ်မှာ မလိုအပ်ပေ။ ဒုတိယအချက်အနေဖြင့် "သင့်အားတွေ့ဆုံခွင့်ရရှိသဖြင့် မိမိဝမ်းမြောက်မိပါသည်။"ဟု လူကုန်ကူးခံရသူ-သက်သေအား တိုက်ရိုက်ပြောပါ။"သူမအားတွေ့ဆုံခွင့်ရရှိသဖြင့် ဝမ်းမြောက်မိပါသည်။"ဟု သွယ်ဝိုက်မပြောပါနှင့်။

**ပြောသမျှအရာအားလုံး ဘာသာပြန်ဆိုပါစေ။**

လူကုန်ကူးခံရသူ-သက်သေအနေဖြင့် အခန်းထဲတွင် ပြောသမျှအားလုံးနားလည်နိုင်ပါစေ။ ထိုသို့နားလည်စေခြင်းသည် သက်တောင့်သက်သာရှိစေပါသည်။ နားလည်မှုမရှိခဲ့ပါက စိတ်ဖိစီးမှုတိုးလာစေပြီး ယုံကြည်မှုလျော့ကျပျက်ယွင်းစေနိုင်ပါသည်၊ လူကုန်ကူးခံရသူ-သက်သေ၏ ရှေ့တွင်ရှိနေသော်လည်း side conversation ပုံစံမျိုး ဖြစ်ခဲ့ပါက သင့်အနေဖြင့် နေ့လည်စာသွားစားမည်ဟုဆုံးဖြတ်ခြင်းလား သို့မဟုတ် လူကုန်ကူးခံရသူသက်သေက သင့်အားပြောပြနေခြင်းကို မယုံကြည်ဟု သင်ပြောနေခြင်းလား ဆိုသည်ကို ရှင်းလင်းလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ပြောသမျှအရာအားလုံးကို ဘာသာပြန်ပေးရန် စကားပြန်အား ရှင်းပြထားရမည်။ လူကုန်ကူးခံရသူ-သက်သေအနေဖြင့် သင်၏ဘာသာစကားကို ပြောဆိုနိုင်ခဲ့ပါက အခန်းပြင်ပတွင် side conversation များ လိုအပ်ပါက ပြုလုပ်ပါ။ အလားတူပင် လူကုန်ကူးခံရသူ-သက်သေ နှင့် စကားပြန်နှင့် ထားခဲ့ခြင်းမျိုး မလုပ်ပါနှင့်၊ တစ်ခါတစ်ရံတွင် သက်ဆိုင်ရာ တရားဥပဒေစိုးမိုးမှုကို ပြောနိုင်ပါသည်။

**တစ်ကြိမ်လျှင် မေးခွန်းတစ်ခုသာ မေးပါ။** - ရှုပ်ထွေးမှုမရှိစေရန် ဖြစ်ပါသည်။

**ပဋိပက္ခမဖြစ်စေရန် စောင့်ကြည့်ပါ။**

အချို့ကိစ္စရပ်များတွင် စကားပြန်နှင့် လူကုန်ကူးခံရသူ-သက်သေတို့သည် တူညီသည့် ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးဆိုင်ရာနောက်ခံသမိုင်းမျှဝေဖလှယ်ရန်မှာ အရေးကြီးသည်။ အခြားအမှုများတွင်မူ ယင်းသို့ဆောင်ရွက်ခြင်းသည် ပဋိပက္ခ ပေါ်ပေါက်စေနိုင်သည်။ သို့ဖြစ်ရာ စကားပြန်သည် လူကုန်ကူးသူနှင့် ချိတ်ဆက်မှုရှိသည့်လက္ခဏာများရှိ၊ မရှိ စောင့်ကြည့်ပါ။

စကားပြန်၏ ထိုးထွင်းသိမြင်သောလက္ခဏာများဖြင့် ဆုံးဖြတ်မှုကို သည်းမခံသင့်ပေ။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် စုံစမ်းစစ်ဆေးမှုကို ပျက်စီးစေလိမ့်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်သတင်းအချက်အလက်ကို မျှဝေရမည်ဆိုသည်ကို လူကုန်ကူးခံရသူ-သက်သေက ပိုမို သတိထား ကာကွယ်ထိန်းသိမ်းလိမ့်မည်ဖြစ်သည်။ ယင်းကိစ္စအပေါ် ကြိုတင်သတ်မှတ်ရန် ခက်ခဲမည်ဖြစ်ပြီး စကားပြန်၏အကူအညီဖြင့်ဆောင်ရွက်ရသော မည်သည့်တွေ့ဆုံမေးမြန်းမှုကို မဆို ဆောင်ရွက်ရာတွင် အထိအခိုက်မခံသည့်ကိစ္စတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်ရာ စကားပြန်၏ နောက်ခံသမိုင်းကြောင်းကိုလည်းကောင်း၊ တွေ့ဆုံမေးမြန်းစဥ်အတွင်း ဆွေးနွေးခြင်းတို့နှင့် စပ်လျဥ်း၍ ခံစားချက်များကိုလည်းကောင်း မေးမြန်းနိုင်ပါသည်။ အကယ်၍ စကားပြန် အနေဖြင့် အဆင်မပြေနိုင်ဟု ရှင်းလင်းစွာသိရှိပါက နောက်ထပ်စကားပြန်တစ်ဦးကို ရှာဖွေခြင်း က အကောင်းဆုံးဖြစ်ပါလိမ့်မည်။